

၂၀၁၈ ခုနှစ်
ဧပြီလ မှ စက်တင်ဘာလ အထိ (၆)လ အတွက်

**2018**
April – September
(six months)

# CITIZEN'S BUDGET

# ရသုံးခန့်မှန်းခြေ ငွေစာရင်းဆိုင်ရာ အချက်အလက်များ



Design:Nyo Ko Naing ( Katha)

# ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက်

# ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာအချက်အလက်များ

# (Citizen's Budget)

၂၀၁၈ ခုနှစ်၊ ဇူလိုင်လ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနက ထုတ်ဝေပါသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ဥယျောဇဉ် | ၁ |
| ၂ | Citizen's Budget ဆိုသည်မှာ | ၂ |
| ၃ | ဘဏ္ဍာရေးနှစ်ပြောင်းလဲခြင်း | ၃ |
| ၄ | ဘဏ္ဍာရေးမူဝါဒ | ၄ |
| ၅ | ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် နိုင်ငံတော်၏ စီးပွားရေး အခြေအနေ အကျဉ်းချုပ် | ၅ |
| ၆ | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ စုစုပေါင်း ပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) | ၆ |
| ၇ | ခန့်မှန်းတွက်ချက်ထားသော စားသုံးသူ ဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်းများ | ၆ |
| ၈ | ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် စီးပွားရေးအခြေအနေ ရှေ့အလားအလာများ၊ ခြုံငုံသုံးသပ်ချက်များ | ၇ |
| ၉ | ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေ | ၈ |
| ၁၀ | ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် ပြည်ထောင်စု၏ အခွန်အကောက်ရငွေ လျာထားချက်များ | ၉ |
| ၁၁ | ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် ပြည်ထောင်စု၏ ရငွေများ လျာထားချက် | ၁၀ |
| ၁၂ | ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် ပြည်ထောင်စု၏ သုံးငွေများ လျာထားချက် | ၁၁ |
| ၁၃ | ၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ (၆) လအတွက် ပြည်ထောင်စု၏ အဖွဲ့အစည်းများနှင့် ဝန်ကြီး ဌာနအလိုက် အရ၊ အသုံး အခြေအနေ | ၁၂-၁၃ |
| ၁၄ | ၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ (၆) လအတွက် ပြည်ထောင်စု၏ အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနအလိုက် ရငွေ၊ အသုံးစရိတ် ပါဝင်မှု ရာခိုင်နှုန်း | ၁၄-၁၅ |
| ၁၅ | ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် စုစုပေါင်းရငွေတွင် ပြည်ပအကူအညီရငွေ နှင့် ပြည်ပချေးယူရငွေ ပါဝင်မှု ရာခိုင်နှုန်း | ၁၆ |
| ၁၆ | ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် စုစုပေါင်းအသုံးစရိတ်တွင် သာမန်၊ ငွေလုံးငွေရင်း၊ ကြွေးမြီ ပါဝင်မှု ရာခိုင်နှုန်း | ၁၆ |
| ၁၇ | လူမှုရေးပင်စင် | ၁၇ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၈ | ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် ပညာရေးနှင့် ကျန်းမာရေးနှင့်အားကစား အသုံးစရိတ်များ တိုးမြှင့်သုံးစွဲမှုအခြေအနေ | ၁၈ |
| ၁၉ | ဘဏ္ဍာရေးနှစ်အလိုက် နိုင်ငံတော်၏ ပြည်တွင်းပြည်ပ ကြွေးမြီလက်ကျန်အခြေအနေ | ၁၈ |
| ၂၀ | ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် ပြည်ပအကူအညီရငွေနှင့် ပြည်ပချေးယူရငွေတို့ဖြင့် ဆက်နွယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များ | ၁၉ |
| ၂၁ | ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် ပညာရေးအသုံးစရိတ်မှ ကောက်နုတ်ချက် | ၂၀ |
| ၂၂ | ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် ကျန်းမာရေးအသုံးစရိတ်မှကောက်နုတ်ချက် | ၂၁ |
| ၂၃ | ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အသုံးစရိတ်မှ ကောက်နုတ်ချက် | ၂၂-၂၃ |
| ၂၄ | ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အသုံးစရိတ်မှ ကောက်နုတ်ချက် | ၂၄ |
| ၂၅ | ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ စုစုပေါင်းရငွေနှင့်အသုံးစရိတ် | ၂၅ |
| ၂၆ | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ကျေးရွာမီးလင်းရေး ဆောင်ရွက်ချက်များ | ၂၅ |
| ၂၇ | ၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ (၆)လအတွက် တိုင်းဒေသကြီး/ ပြည်နယ်များ၏ အရ၊ အသုံးအခြေအနေ | ၂၆ |
| ၂၈ | ၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ (၆)လအတွက် တိုင်းဒေသကြီး/ ပြည်နယ်များ၏ရငွေ (ပြည်ထောင်စုမှလိုငွေဖြည့်ဆည်းပေးပြီး)အခြေအနေ | ၂၇ |
| ၂၉ | ၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ(၆)လအတွက် တိုင်းဒေသကြီး/ပြည်နယ်များ၏ အသုံးစရိတ်အခြေအနေ | ၂၈ |
| ၃၀ | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ လိုငွေဖြည့်ဆည်းထောက်ပံ့ခြင်း | ၂၉ |
| ၃၁ | ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလထိ (၆) လအတွက် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း၊ စာရင်းရှင် UFA (Other Account ) လက်ကျန်အခြေအနေအရ အသုံးစရိတ် ကျခံသုံးစွဲရမည့် အခြေအနေ | ၃၀-၃၁ |

# ဥပဒေချုပ်

၁။ ပြည်ထောင်စုအစိုးရအနေဖြင့် ၂၀၁၈ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ(၆) လအတွက် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့်အတူ၊ ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ၉-၁-၂၀၁၈ ရက်နေ့တွင် ကျင်းပသော ဘဏ္ဍာရေးကော်မရှင် အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၈) ဖြင့် အတည်ပြုခဲ့ပြီး ၁၅-၁-၂၀၁၈ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ ၎င်းကို ပြည်ထောင်စုလွှတ်တော်က ၆-၃-၂၀၁၈ ရက်နေ့တွင် အတည်ပြုခဲ့ပြီး ၁၃-၃-၂၀၁၈ ရက်နေ့တွင် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး၍ ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပေသည်။

၂။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေဖြင့် အတည်ပြု ပြဋ္ဌာန်းထားသည့် ပြည်သူ့ဘဏ္ဍာငွေများကို အကျိုးရှိရှိ ထိထိရောက်ရောက်ဖြင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်ပါသည်။ ခွင့်ပြုထားသည့် ဘဏ္ဍာငွေများကို သတ်မှတ်ထားသည့်ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဘဏ္ဍာရေးစည်းမျဉ်းများ၊ ဘဏ္ဍာရေးဆိုင်ရာ ညွှန်ကြားချက်များ၊ ဘဏ္ဍာရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ကြရမည်။ ဆောင်ရွက်ပြီးစီးမှုများကို ဌာနတွင်းစာရင်းစစ်များ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး တို့၏ စစ်ဆေးမှုကို စနစ်တကျ ခံယူဆောင်ရွက်ကြရန်လိုအပ်မည်ဖြစ်ပါသည်။ ပြည်သူ့ဘဏ္ဍာသည် ပြည်သူပိုင်သော ဘဏ္ဍာဖြစ်သည်နှင့်အညီ ပြည်သူ့ထံသို့ ပွင့်လင်းမြင်သာစွာ ချပြရမည် ဖြစ်ပေသည်။

၃။ မြန်မာနိုင်ငံ၏ ဘတ်ဂျက်ပွင့်လင်းမြင်သာမှုအနေဖြင့် နိုင်ငံတကာနည်းတူ ပြည်သူသို့ချပြရမည့် ဘတ်ဂျက်စာစောင်များ ဖြစ်သည့် ဘတ်ဂျက် မရေးဆွဲမီ ဖော်ပြချက် (Pre-Budget Statement)၊ အစိုးရအဖွဲ့မှ တင်ပြသည့်ဘတ်ဂျက်အဆိုပြုလွှာ (Executive Budget Proposal)၊ ဥပဒေပြဋ္ဌာန်းသည့် ဘတ်ဂျက်(Enacted Budget)၊ နိုင်ငံသားများအတွက် ဘတ်ဂျက် (Citizen's Budget)၊ နှစ်အတွင်းအစီရင်ခံစာများ (In- Year Reports)၊ နှစ်လယ်သုံးသပ်ချက်အစီရင်ခံစာ(Mid- Year Review)၊ နှစ်ကုန်အစီရင်ခံစာ (Year- End Report) နှင့် စာရင်းစစ်အစီရင်ခံစာ(Audit Report) တို့အနက် ဘတ်ဂျက် မရေးဆွဲမီ ဖော်ပြချက် (Pre-Budget Statement)နှင့် စာရင်းစစ်အစီရင်ခံစာ(Audit Report) တို့မှအပ ကျန် ဘတ်ဂျက်စာစောင် (၆) ခုကို တစ်နှစ်ထက်တစ်နှစ် ပိုမိုပွင့်လင်းမြင်သာစွာဖြင့် အင်တာနက်စာမျက်နှာများ၊ သတင်းစာများ၊ စာစောင်ထုတ်ဝေခြင်းများဖြင့် ပြည်သူလူထုကို ပွင့်လင်းမြင်သာစွာ သိရှိနိုင်စေရန်အတွက် ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်ပါသည်။ ယခုလည်း ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကို အခြေခံ၍ ပြည်သူ့ဘဏ္ဍာငွေကို မည်သို့ ခွဲဝေသုံးစွဲမည်ကို ပြည်သူများ သိရှိနိုင်ရန်အလို့ငှာ ဤ Citizen's Budget စာစောင်ကို ထုတ်ဝေလိုက်ပါသည်။

၄။ သို့ဖြစ်ပါ၍ နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ၏ ပထမအချက်ဖြစ်သည့် **ပွင့်လင်းမြင်သာပြီးကောင်းမွန်တောင့်တင်းသည့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ဖြင့် ဘဏ္ဍာရေးအရင်းအမြစ်များ တိုးတက်ပွားများလာအောင် ဆောင်ရွက်ရန်** ဟူသည့်မူဝါဒနှင့်အညီ နိုင်ငံတော်အနေဖြင့် အလေးထား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း ပြည်သူလူထုသို့ အစီရင်ခံအပ်ပါသည်။

စိုးဝင်း
ပြည်ထောင်စုဝန်ကြီး
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

# Citizen's Budget
## 2018 (April - September)

## Citizen's Budget ဆိုတာဘာလဲ...

Citizen's Budget ဆိုသည်မှာ နိုင်ငံတော်၏ မေခရိုစီးပွားရေးအခြေအနေ၊ ဘဏ္ဍာရေးမူဝါဒ၊ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု၊ ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာငွေ အရအသုံး ခန့်မှန်းခြေ၊ အခွန်အကောက်ရငွေ၊ စုစုပေါင်းအသုံးစရိတ်၊ ဘတ်ဂျက်လိုငွေ၊ ပြည်ပအကူအညီရငွေနှင့် ချေးငွေအခြေအနေ၊ ပညာရေး နှင့် ကျန်းမာရေးအသုံးစရိတ်၊ ပြည်ထောင်စုဘတ်ဂျက်၊ တိုင်းဒေသကြီး နှင့် ပြည်နယ်ဘတ်ဂျက် စသည်တို့ကို ရှင်းလင်းလွယ်ကူစွာ သိမြင်နိုင်စေရန် အနှစ်ချုပ်ပြုစုတင်ပြသည့် စာစောင်ပင်ဖြစ်ပါသည်။



# ဘဏ္ဍာရေးနှစ် ပြောင်းလဲခြင်း

၁။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်မတိုင်မီ ကျင့်သုံးခဲ့သည့် ဘဏ္ဍာရေးနှစ်ဖြစ်သော ဧပြီလ (၁) ရက်နေ့မှ မတ်လ (၃၁) ရက်နေ့အထိ အစား အောက်တိုဘာလ(၁) ရက်နေ့မှ စက်တင်ဘာလ (၃၀) ရက်နေ့အထိကို ပြောင်းလဲသတ်မှတ်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၁၇) က သဘောတူခဲ့ပြီး ၃၁-၁၀-၂၀၁၇ ရက်နေ့၌ ကျင်းပခဲ့သော ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် မှတ်တမ်းတင်ခဲ့ပြီး ဖြစ်ပါသည်။ ဘဏ္ဍာရေးနှစ်အသစ် မစတင်မီ ကူးပြောင်းချိန်ကာလဖြစ်သည့် ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် ဘတ်ဂျက်ကိုလည်း နိုင်ငံတော်သမ္မတက ၁၃-၃-၂၀၁၈ ရက်နေ့တွင် အတည်ပြု လက်မှတ်ရေးထိုး၍ ဥပဒေပြဋ္ဌာန်းပြီး ဖြစ်ပါသည်။

၂။ ဘဏ္ဍာရေးနှစ်ကို အောက်တိုဘာလ(၁) ရက်နေ့မှ စက်တင်ဘာလ(၃၀) ရက်နေ့အထိသို့ ပြောင်းလဲကျင့်သုံးခြင်း ရည်ရွယ်ချက်မှာ ဘဏ္ဍာရေးနှစ် စတင်သည့် ကာလသည် ခြောက်သွေ့သောကာလ ဖြစ်သည့်အပြင် ကာလရှည် ရုံးပိတ်ရက်များနှင့် လွတ်ကင်းသဖြင့် လုပ်ငန်းဆောင်ရွက်မှု မြန်ဆန်ခြင်း၊ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် ကာလသည် အောက်တိုဘာလ ၁ ရက်တွင် စတင်သော ဘတ်ဂျက်အတွက် ၈ လကျော် တစ်ဆက်တည်းရှိခြင်းနှင့် ၃ လပတ်အလိုက် ဘဏ္ဍာငွေသုံးစွဲမှု ပိုမို ညီညွတ် မျှတလာစေရန် ဖြစ်ပါသည်။

၃။ ဘဏ္ဍာရေးနှစ်ပြောင်းလဲသည့်အခါတွင် စနစ်ဟောင်းမှစနစ်သစ်သို့ ကူးပြောင်းချိန်အတွင်း၌ ပထမပိုင်းတွင် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေအရပ်ရပ်သည် စီမံခန့်ခွဲမှုနည်းလမ်း အသွယ်သွယ်နှင့် ဖြေရှင်း ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ကာလရှည်တွင် ကောင်းမွန်သည့် အကျိုးရလဒ်များသာ စဉ်ဆက်မပြတ် ရရှိနိုင်မည် ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ **မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ်သည် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်မှစ၍ အောက်တိုဘာလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ** ဖြစ်ပါမည်။

# ဘဏ္ဍာရေးမူဝါဒ

## အခွန်မူဝါဒ

- ❖ နိုင်ငံတော်အစိုးရ၏ အသုံးစရိတ်များအတွက်သာ အခွန်ကိုကောက်ခံခြင်းမဟုတ်ဘဲ နိုင်ငံတော်တွင် ညီညွတ်မျှတသော အရအသုံးငွေကြေးစနစ်ကို ဖော်ဆောင်၍ ငွေကြေးလည်ပတ်မှု မှန်ကန်စေရန်၊
- ❖ ငွေကြေးဖောင်းပွမှုကို ထိန်းသိမ်းရန်၊
- ❖ ပြည်တွင်းစားသုံးမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စုဆောင်းမှုတို့ကို အခွန်အကောက်စနစ်ဖြင့် ထိန်းညှိပေးရန်၊
- ❖ ကုန်ဈေးနှုန်းတည်ငြိမ်မှုအတွက် အထောက်အကူပြုရန်၊
- ❖ ဝင်ငွေခွဲဝေမှု မျှတစေရန်နှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်။

## အသုံးစရိတ်မူဝါဒ

- ❖ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး အသုံးစရိတ်များကို ဆက်လက်တိုးမြှင့်သုံးစွဲရန်၊
- ❖ ပြည်သူလူထုကို ချက်ချင်းလက်ငင်း အကျိုးပြုနိုင်သည့် အသုံးစရိတ်များကို ဦးစားပေးသုံးစွဲရန်၊
- ❖ ဖွဲ့စည်းပုံနှင့်ဝန်ထမ်းခန့်အပ်မှုများကို စနစ်တကျ စိစစ်ခွင့်ပြုရန်၊
- ❖ စီမံကိန်းများအား ဦးစားပေးအဆင့်ခွဲပြီး လတ်တလော မလိုအပ်သေးသည့် စီမံကိန်းများကို ရွှေ့ဆိုင်းဆောင်ရွက်ရန်၊
- ❖ ပစ္စည်းဝယ်ယူမှုများကို စနစ်တကျ စိစစ်ဆောင်ရွက်ရန်၊
- ❖ ပြည်ပအကူအညီရငွေနှင့် ပြည်ပချေးငွေများကို စိစစ်ရယူရန်၊
- ❖ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ သောက်သုံးရေနှင့် စိုက်ပျိုးရေလုံလောက်စွာ ရရှိရေး တိုးမြှင့်သုံးစွဲရန်။

# ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လ အတွက် နိုင်ငံတော်၏ စီးပွားရေး အခြေအနေအကျဉ်းချုပ်

- ❖ နှစ်အလိုက်ဈေးနှုန်းအရ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး(GDP)မှာ **ကျပ် ၃၂,၈၇၃ ဘီလီယံ** ဟု ခန့်မှန်းသည်။
- ❖ စီးပွားရေးတိုးတက်မှုနှုန်းကို ပုံမှန်ဈေးနှုန်းအရ ၇.၂ % ဟုခန့်မှန်းသည်။

- ❖ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ တွင် -
  - (၁) ပြည်ထောင်စု၏ စုစုပေါင်း **ရငွေကို ကျပ် ၈,၅၂၆ ဘီလီယံ** ခန့်မှန်းသည်။
  - (၂) ပြည်ထောင်စု၏ စုစုပေါင်း **အသုံးစရိတ်ကိုကျပ် ၁၀,၅၄၇ ဘီလီယံ** ခန့်မှန်းသည်။
  - (၃) ပြည်ထောင်စု၏ စုစုပေါင်း **လိုငွေမှာ ကျပ် ၂,၀၂၁ ဘီလီယံ** ခန့်မှန်းသည်။
- ❖ လိုငွေနှင့် ဂျီဒီပီအချိုးမှာ **၆.၁၅** % ဖြစ်သည်။

- ❖ ပြည်ထောင်စု၏ အခွန်အကောက် ရငွေ စုစုပေါင်း **ကျပ် ၂,၇၉၂ ဘီလီယံ** ခန့်မှန်းသည်။
- ❖ ပြည်ထောင်စု၏ **အခွန်အကောက်ရငွေနှင့် ဂျီဒီပီအချိုးမှာ ၈.၄၉%** ဖြစ်သည်။

- ❖ ပြည်ပပို့ကုန်တန်ဖိုးခန့်မှန်းချက် ကျပ် ၉,၂၅၃ ဘီလီယံ
- ❖ ပြည်ပသွင်းကုန်တန်ဖိုးခန့်မှန်းချက် ကျပ် ၉,၆၅၃ ဘီလီယံ
- ❖ ကုန်သွယ်မှုလိုငွေခန့်မှန်းချက် ကျပ် ၄၀၀ ဘီလီယံ

- ❖ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ ဘတ်ဂျက်ရေးဆွဲရာ၌ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာ ၏ ငွေကြေးလဲလှယ်နှုန်းကို ၁,၃၈၀ ကျပ် ဖြင့် ရေးဆွဲထားသည်။

ဇစ်မြစ်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

# ၂၀၁၄- ၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)

| အကြောင်းအရာ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ (ရှေ့ပြေးအမှန်) | ၂၀၁၇-၂၀၁၈ (နှစ်ကုန် ခန့်မှန်းခြေ ) | ၂၀၁၈ ခုနှစ်၊ဧပြီလမှ စက်တင်ဘာလအထိ (၆)လ အမျိုးသား စီမံကိန်း |
|---|---|---|---|---|---|
| GDP တန်ဖိုး(နှစ်အလိုက်ဈေးနှုန်း) (ကျပ်သန်း) | ၆၅,၂၆၁,၈၉၀.၂ | ၇၂,၇၁၄,၀၂၁.၂ | ၇၉,၇၂၂,၈၉၀.၃ | ၉၁,၂၈၂,၅၉၁.၆ | ၃၂,၈၇၃,၂၀၂.၅ |
| လယ်ယာကဏ္ဍကြီး (ကျပ်သန်း) | ၁၈,၁၆၂,၂၅၅.၂ | ၁၉,၄၆၆,၈၃၆.၈ | ၂၀,၃၀၁,၅၉၆.၈ | ၂၁,၆၃၂,၉၂၁.၈ | ၆,၉၃၅,၂၉၆.၀ |
| စက်မှုကဏ္ဍကြီး (ကျပ်သန်း) | ၂၂,၅၀၈,၆၃၉.၈ | ၂၅,၀၆၃,၆၆၆.၀ | ၂၇,၉၁၅,၈၂၇.၀ | ၃၃,၀၆၂,၃၇၀.၅ | ၁၁,၅၃၀,၉၂၀.၀ |
| ဝန်ဆောင်မှုကဏ္ဍကြီး (ကျပ်သန်း) | ၂၄,၅၉၀,၉၉၅.၂ | ၂၈,၁၈၃,၅၁၈.၄ | ၃၁,၅၀၅,၄၆၆.၅ | ၃၆,၅၈၇,၂၉၉.၃ | ၁၄,၄၀၆,၉၈၆.၅ |
| GDP တန်ဖိုး(ပုံမှန်ဈေးနှုန်း) (ကျပ်သန်းပေါင်း) | ၅၂,၇၈၅,၀၅၀.၈ | ၅၆,၄၇၆,၂၂၅.၁ | ၅၉,၈၀၃,၈၀၀.၈ | ၆၃,၈၉၅,၃၀၉.၆ | ၂၃,၁၆၀,၈၄၈.၄ |
| GDP တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) (ရာခိုင်နှုန်း) | ၈.၀ % | ၇.၀ % | ၅.၉ % | ၆.၈ % | ၇.၂ % |
| လူတစ်ဦးချင်း၏ ပျမ်းမျှအသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) (ကျပ်) | ၁,၂၅၅,၂၅၄ | ၁,၃၈၆,၃၄၉ | ၁,၅၀၆,၅၆၅ | ၁,၇၀၉,၇၉၆ | |

ဇာစ်မြစ်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

## ခန့်မှန်းတွက်ချက်ထားသော စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်းများ

အခြေခံနှစ်၊ ၂၀၁၂ = ၁၀၀

| ခုနှစ် | လ | စားသုံးသူ ဈေးဆနှုန်း | ပျမ်းမျှ ငွေကြေးဖောင်းပွမှုနှုန်း | နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်း |
|---|---|---|---|---|
| ၂၀၁၈ | ဧပြီလ | ၁၃၉.၃၇ | ၃.၉၀ | ၅.၅၃ |
| | မေလ | ၁၃၉.၉၁ | ၄.၀၅ | ၅.၆၆ |
| | ဇွန်လ | ၁၄၀.၄၆ | ၄.၃၀ | ၅.၉၄ |
| | ဇူလိုင်လ | ၁၄၁.၀၀ | ၄.၆၂ | ၆.၁၃ |
| | ဩဂုတ်လ | ၁၄၁.၅၅ | ၄.၉၃ | ၆.၂၁ |
| | စက်တင်ဘာလ | ၁၄၂.၀၉ | ၅.၁၂ | ၅.၇၀ |

ဇာစ်မြစ်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့။

## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ အတွက် စီးပွားရေးအခြေအနေ ရှေ့အလားအလာများ၊ ခြုံငုံသုံးသပ်ချက်များ

၁။ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ စီမံကိန်းရည်မှန်းချက်တွင် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၃၂,၈၇၃,၂၀၂.၅ သန်း ရရှိရန်နှင့် စီးပွားရေးတိုးတက်မှုကို ပုံမှန်ဈေးနှုန်းအရ ၇.၂ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

၂။ ကဏ္ဍကြီးများအလိုက် စီးပွားရေးတိုးတက်မှုကို လယ်ယာကဏ္ဍကြီးတွင် ၃.၅ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးတွင် ၈.၉ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၈.၁ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန် လျာထားပါသည်။

၃။ လယ်ယာကဏ္ဍကြီးတွင် အဓိကအားဖြင့် မိုးသီးနှံစိုက်ပျိုးထုတ်လုပ်မှု ပိုမိုကောင်းမွန်မည့် အလားအလာရှိခြင်း၊ အသားနှင့်ငါးထုတ်လုပ်မှုတွင် ပြည်တွင်းစားသုံးမှုသာမက ပြည်ပသို့တင်ပို့ရန်နှင့် ပြည်တွင်း၌ပင် ထပ်ဆင့်တိုးတန်ဖိုးရရှိရေး ပိုမိုဆောင်ရွက်နိုင်မည်ဟု မျှော်မှန်းထားပါသည်။

၄။ စက်မှုကဏ္ဍကြီးတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စီးဝင်ခြင်းနှင့်အတူ ငွေကြေးအရင်းအနှီး လိုအပ်သည့် စီးပွားရေးအခြေခံလုပ်ငန်းများသို့ နှစ်လတ်ချေးငွေများ ထုတ်ချေးခြင်းနှင့် ပုဂ္ဂလိက လုပ်ငန်းများအား အားပေးမြှင့်တင်ခြင်းတို့ကြောင့် အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရန်နှင့် အထူးသဖြင့် စက်မှုဇုန်များ ပိုမိုဖွံ့ဖြိုးလာခြင်းနှင့်အတူ ထုတ်လုပ်မှုများ ပိုမိုထွက်ရှိမည်ဟု ရည်မှန်းထားပါသည်။ ထို့အပြင် အခြေခံအဆောက်အအုံများ အသစ်ဆောက်လုပ်ခြင်းနှင့် အဆင့်မြှင့်တင်ရေးလုပ်ငန်းများ၊ တန်ဖိုးနည်းအိမ်ရာများ ဆောင်ရွက်ရန် လျာထားပါသည်။

၅။ ဝန်ဆောင်မှုကဏ္ဍကြီးတွင် နိုင်ငံတစ်ဝန်း ဆောင်ရွက်ပြီးဖြစ်သည့် လမ်းကွန်ယက်များ ကောင်းမွန်လာခြင်းကြောင့် ရာသီမရွေး ခရီးသည်နှင့် ကုန်စည်ဝန်ဆောင်မှုများ လျင်မြန်သွက်လက်လာခြင်းနှင့် ပို့ဆောင်ဆက်သွယ်ရေး ပိုမိုလျင်မြန် လွယ်ကူလာသည်နှင့်အမျှ ဝန်ဆောင်မှုများ ဖွံ့ဖြိုးလာရန်၊ ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ အားကောင်းလာခြင်းနှင့် ပြည်သူများ၏ယုံကြည်မှုများ ရရှိလာခြင်းမှတစ်ဆင့် ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးရန်၊ ပြည်တွင်းပြည်ပ ကုန်သွယ်ရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးရန်၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ တိုးတက်ရန် မျှော်မှန်းထားပါသည်။

ဇစ်မြစ်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

# ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် ပြည်ထောင်စုနှင့်တိုင်းဒေသကြီး/ပြည်နယ်များ၏အရအသုံးခန့်မှန်းခြေ

(ကျပ်ဘီလီယံ)

| အကြောင်းအရာ | ပြည်ထောင်စု | တိုင်းဒေသကြီး/ ပြည်နယ် |
|---|---|---|
| **ရငွေစုစုပေါင်း** | **၈,၅၂၆** | **၁,၃၉၇** |
| သာမန်ရငွေ | ၇,၃၆၁ | *၁,၀၇၇ |
| ငွေလုံးငွေရင်းရငွေ | ၇၈ | ၅၂ |
| ကြွေးမြီရငွေ | ၁,၀၈၇ | ၆၈ |
| **အသုံးစရိတ်စုစုပေါင်း** | **၁၀,၅၄၇** | **၁,၃၉၇** |
| သာမန်အသုံးစရိတ် | **၇,၉၈၁ | ၄၀၀ |
| ငွေလုံးငွေရင်းအသုံးစရိတ် | ၂,၀၉၀ | ၇၉၄ |
| ကြွေးမြီအသုံးစရိတ် | ၄၇၆ | ၃ |
| **လိုငွေ** | **- ၂,၀၂၁** | **-** |
| ဂျီဒီပီတန်ဖိုး | | ၃၂,၈၇၃ |
| လိုငွေနှင့်ဂျီဒီပီအချိုး | | ၆.၁၅% |

*တိုင်းဒေသကြီး/ပြည်နယ်ရငွေတွင် ပြည်ထောင်စုမှတိုင်းဒေသကြီး/ ပြည်နယ်များအတွက် လိုငွေဖြည့်ဆည်းပေးခြင်းနှင့် ထောက်ပံ့ပေးခြင်းအတွက် ကျပ် ၈၂၀.၁၅၇ ဘီလီယံ ပါဝင်ပါသည်။

**ပြည်ထောင်စု၏ အသုံးစရိတ်တွင် တိုင်းဒေသကြီး/ပြည်နယ်များသို့ လိုငွေဖြည့်ဆည်းပေးခြင်းနှင့်ထောက်ပံ့ပေးခြင်းများအတွက် ကျပ် ၈၂၀.၁၅၇ ဘီလီယံ ပါဝင်ပါသည်။

# ၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ (၆)လအတွက် ပြည်ထောင်စု၏ အခွန်အကောက်ရငွေ လျာထားချက်များ

(ကျပ်သန်းပေါင်း)

| စဉ် | အခွန်အမျိုးအစား | ၂၀၁၇-၂၀၁၈ ပထမ (၆)လ | ၂၀၁၈ ခုနှစ်၊ (၆)လ အတွက်ခန့်မှန်းခြေ |
|---|---|---|---|
| ၁ | ယစ်မျိုးခွန်၊ | ၇၃၇.၈၉၂ | ၆၂၆.၈၄၃ |
| ၂ | ကုန်သွယ်လုပ်ငန်းခွန်၊ | ၈၃၄,၁၃၁.၄၁၇ | ၆၉၂,၃၀၇.၈၅၀ |
| ၃ | သွင်းကုန်အတွက်လိုင်စင်ကြေး၊ ပါမစ်ကြေးများ၊ | ၄,၀၃၅.၂၃၇ | ၃,၀၀၀.၀၀၀ |
| ၄ | မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊ | ၄၄,၂၇၇.၉၁၆ | ၄၀,၀၀၀.၀၀၀ |
| ၅ | မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာအခငွေများ၊ | ၁၂၃,၈၂၂.၄၃၈ | ၇၃,၂၅၇.၅၀၀ |
| ၆ | တံဆိပ်ခေါင်းခွန်၊ | ၃၃,၇၁၆.၁၅၉ | ၂၇,၉၈၇.၃၀၀ |
| ၇ | မှတ်ကောင်ဝတ်ဆံသွင်းအခွန်၊ | ၂၅၂.၆၈၆ | ၂၅၀.၀၀၀ |
| ၈ | ခရီးလှည့်လည်ရေးလိုင်စင်/ ဟိုတယ်နှင့်တည်းခိုရိပ်သာလိုင်စင်/ ခရီးသွားလာသူများပို့ဆောင်ရေးလိုင်စင်/ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်များအတွက်လိုင်စင်ကြေး၊ | ၄၀၅.၃၅၀ | ၄၃၃.၉၅၀ |
| ၉ | အထူးကုန်စည်ခွန်၊ | ၄၅၉,၈၁၀.၉၆၅ | ၄၃၁,၄၆၇.၅၀၀ |
| ၁၀ | ဝင်ငွေခွန်၊ | ၉၉၃,၀၂၀.၈၆၅ | ၈၆၃,၁၇၅.၅၉၈ |
| ၁၁ | အကောက်ခွန်၊ | ၂၁၀,၈၆၉.၇၄၄ | ၂၄၅,၀၀၀.၀၀၀ |
| ၁၂ | မြေယာပေါ်တွင် ကောက်ခံသည့်အခွန်၊ | ၅.၈၈၇ | ၂.၀၁၄ |
| ၁၃ | ရေခွန်၊ | ၁၅.၁၆၃ | ၄၅.၈၂၄ |
| ၁၄ | တာတမံခွန်၊ | ၀.၀၂၅ | ၀.၀၂၅ |
| ၁၅ | သစ်တောများမှပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် သစ်တောခွန်၊ | ၂,၅၇၇.၂၃၂ | ၂,၆၀၅.၄၂၈ |
| ၁၆ | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ (စက်မှုကုန်ကြမ်းတွင်းထွက်နှင့်အလှဆင်ကျောက်များမပါ) | ၁၂.၅၁၉ | ၃၅.၂၀၀ |
| ၁၇ | ငါးလုပ်ငန်းဆိုင်ရာ အခွန်အခ၊ | ၂,၂၀၀.၄၅၈ | ၁,၀၅၃.၈၀၀ |
| ၁၈ | ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်ယူသည့်အတွက်ကောက်ခံသည့် အခွန်၊ | ၁၃၂,၄၇၅.၂၈၀ | ၁၈၁,၈၅၆.၈၇၉ |
| ၁၉ | ဓာတ်သတ္တုခွန်နှင့် ရတနာခွန်၊ | ၁၉,၉၄၂.၅၃၀ | ၁၁,၆၈၉.၇၇၂ |
| ၂၀ | ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့်အခွန်အခ၊ | ၂၁၁,၇၇၉.၆၅၁ | ၂၁၁,၀၀၀.၀၀၀ |
| ၂၁ | ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ၊ | ၄,၇၀၉.၁၃၄ | ၆,၁၀၁.၂၈၀ |
| | **စုစုပေါင်း** | **၃,၀၇၈,၇၉၈.၅၄၈** | **၂,၇၉၁,၈၉၆.၇၆၃** |

## ၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ(၆)လအတွက် ပြည်ထောင်စု၏ရငွေများလျာထားချက်

| စဉ် | | အကြောင်းအရာ | ရငွေ (ကျပ်သန်း) | ရငွေစုစုပေါင်းတွင် ပါဝင်မှုရာခိုင်နှုန်း |
|---|---|---|---|---|
| ၁။ | | **သာမန်ရငွေ** | **၇,၃၆၁,၄၆၁.၃၁၄** | **၈၆.၃၄%** |
| | (က) | အခွန်အကောက်ရငွေ | ၂,၇၉၁,၈၉၆.၇၆၃ | ၃၂.၇၅% |
| | (ခ) | အခြားသာမန်ရငွေ | ၃၃၆,၁၇၅.၁၆၈ | ၃.၉၄% |
| | (ဂ) | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ (နိုင်ငံတော်ထည့်ဝင်ငွေ) | ၂၇၉,၅၈၃.၂၇၄ | ၃.၂၈% |
| | (ဃ) | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ (ဘဏ္ဍာရန်ပုံငွေအတွင်း) | ၂,၈၅၉,၇၀၇.၃၄၀ | ၃၃.၅၄% |
| | (င) | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ (ဘဏ္ဍာရန်ပုံငွေပြင်ပ) | ၅၈၀,၀၅၆.၈၀၈ | ၆.၈၀% |
| | (စ) | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၂၅၂,၉၂၂.၆၀၇ | ၂.၉၇% |
| | (ဆ) | အတိုးရငွေ | ၄၀,၄၈၈.၂၀၁ | ၀.၄၇% |
| | (ဇ) | နိုင်ငံတော်မှထောက်ပံ့ငွေရငွေ(နေပြည်တော်စည်ပင်) | ၅,၀၈၀.၇၆၂ | ၀.၀၆% |
| | (ဈ) | ပြည်ပအကူအညီရငွေ (သာမန်) | ၂၁၅,၅၅၀.၃၉၁ | ၂.၅၃% |
| ၂။ | | **ငွေလုံးငွေရင်းရငွေ** | **၇၇,၆၉၀.၀၁၇** | **၀.၉၁%** |
| | (က) | ငွေလုံးငွေရင်းရငွေ | ၁,၀၆၄.၄၈၀ | ၀.၀၁% |
| | (ခ) | ပြည်ပအကူအညီရငွေ (ငွေလုံးငွေရင်း) | ၇၆,၆၂၅.၅၃၇ | ၀.၉၀% |
| ၃။ | | **ကြွေးမြီရငွေ** | **၁,၀၈၆,၇၈၈.၉၁၁** | **၁၂.၇၅%** |
| | (က) | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ၅၁,၆၀၉.၅၂၅ | ၀.၆၁% |
| | (ခ) | ချေးယူရငွေ | ၁,၀၂၇,၄၇၅.၈၄၇ | ၁၂.၀၅% |
| | (ဂ) | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | ၇,၇၀၃.၅၃၉ | ၀.၀၉% |
| | | စုစုပေါင်း (၁+၂+၃) | **၈,၅၂၅,၉၄၀.၂၄၂** | **၁၀၀%** |

## ၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ(၆)လအတွက် ပြည်ထောင်စု၏သုံးငွေများလျာထားချက်

| စဉ် | | အကြောင်းအရာ | အသုံးစရိတ် (ကျပ်သန်း) | အသုံးစရိတ်စုစုပေါင်းတွင် ပါဝင်မှုရာခိုင်နှုန်း |
|---|---|---|---|---|
| ၁။ | | **သာမန်အသုံးစရိတ်** | **၇,၉၈၁,၄၃၄.၈၈၀** | **၇၅.၆၇%** |
| | (က) | ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ (နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှအပ) | ၂,၇၁၃,၅၈၉.၆၈၉ | ၂၅.၇၂% |
| | (ခ) | အတိုးပေးငွေ | ၆၇၂,၀၄၁.၁၆၃ | ၆.၃၇% |
| | (ဂ) | ထောက်ပံ့ငွေအသုံးစရိတ် | ၁,၃၀၅,၃၇၃.၁၀၄ | ၁၂.၃၈% |
| | (ဃ) | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ (ဘဏ္ဍာရန်ပုံငွေအတွင်း) | ၈၄၀,၇၆၀.၂၀၁ | ၇.၉၇% |
| | (င) | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ (ဘဏ္ဍာရန်ပုံငွေအတွင်း၊ လုပ်ငန်းသုံးရင်းနှီးငွေ) | ၁,၇၈၉,၀၀၅.၉၀၆ | ၁၆.၉၆% |
| | (စ) | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ (ပြင်ပ) | ၄၈၃,၈၈၃.၉၃၄ | ၄.၅၉% |
| | (ဆ) | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၁၇၆,၇၈၀.၈၈၃ | ၁.၆၈% |
| ၂။ | | **ငွေလုံးငွေရင်းအသုံးစရိတ်** | **၂,၀၈၉,၇၅၇.၃၃၃** | **၁၉.၈၁%** |
| | (က) | ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ (နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှအပ) | ၁,၅၅၃,၃၂၆.၇၄၈ | ၁၄.၇၃% |
| | (ခ) | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ (ဘဏ္ဍာရန်ပုံငွေအတွင်း) | ၃၄၁,၉၈၃.၉၇၁ | ၃.၂၄% |
| | (ဂ) | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ (ဘဏ္ဍာရန်ပုံငွေအတွင်း၊ လုပ်ငန်းသုံးရင်းနှီးငွေ) | ၁၀၂,၆၆၇.၄၅၃ | ၀.၉၇% |
| | (ဃ) | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ (ပြင်ပ) | ၇၉,၇၇၇.၇၉၁ | ၀.၇၆% |
| | (င) | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၁၂,၀၀၁.၃၇၀ | ၀.၁၀% |
| ၃။ | | **ကြွေးမြီအသုံးစရိတ်** | **၄၇၆,၁၉၅.၅၉၁** | **၄.၅၂%** |
| | (က) | ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ (နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှအပ) | ၁၇၃,၈၈၄.၉၅၃ | ၁.၆၅% |
| | (ခ) | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ (ဘဏ္ဍာရန်ပုံငွေအတွင်း) | ၂၁၄,၆၆၆.၉၅၈ | ၂.၀၄% |
| | (ဂ) | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ (ဘဏ္ဍာရန်ပုံငွေအတွင်း၊ လုပ်ငန်းသုံးရင်းနှီးငွေ) | ၈၁,၅၆၄.၀၅၈ | ၀.၇၇% |
| | (ဃ) | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ (ပြင်ပ) | ၆,၀၇၉.၆၂၂ | ၀.၀၆% |
| | | **စုစုပေါင်း (၁+၂+၃)** | **၁၀,၅၄၇,၃၈၇.၈၀၄** | **၁၀၀.၀၀%** |

## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် ပြည်ထောင်စု၏အဖွဲ့အစည်းများနှင့်ဝန်ကြီးဌာနအလိုက် အရ၊ အသုံးအခြေအနေ

(ကျပ်သန်းပေါင်း)

| စဉ် | | ဌာန/အဖွဲ့အစည်းအမည် | ရငွေ | အသုံးစရိတ် | ပိုငွေ(+) လိုငွေ(-) |
|---|---|---|---|---|---|
| ၁ | | **ဗဟိုအဖွဲ့အစည်းများ** | **၁,၆၁၂.၀၄၂** | **၄၀,၁၄၇.၀၁၀** | **- ၃၈,၅၃၄.၉၆၈** |
| | ၁ | နိုင်ငံတော်သမ္မတရုံး | - | ၄,၁၂၇.၀၆၇ | -၄,၁၂၇.၀၆၇ |
| | ၂ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ၁၂.၀၀၀ | ၁,၀၅၃.၀၅၈ | -၁,၀၄၁.၀၅၈ |
| | ၃ | ပြည်ထောင်စုလွှတ်တော်ရုံး | ၄၁၅.၅၁၃ | ၁,၀၅၄.၃၈၅ | -၆၃၈.၈၇၂ |
| | ၄ | ပြည်သူ့လွှတ်တော်ရုံး | ၁.၂၇၀ | ၄,၈၂၆.၅၇၂ | -၄,၈၂၅.၃၀၂ |
| | ၅ | အမျိုးသားလွှတ်တော်ရုံး | ၀.၄၀၀ | ၂,၈၉၂.၈၄၈ | -၂,၈၉၂.၄၄၈ |
| | ၆ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ၁၄၀.၀၀၀ | ၁၂,၁၀၉.၃၅၀ | -၁၁,၉၆၉.၃၅၀ |
| | ၇ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | ၀.၀၃၀ | ၄၃၀.၀၉၆ | -၄၃၀.၀၆၆ |
| | ၈ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး | - | ၄,၄၉၅.၆၇၂ | -၄,၄၉၅.၆၇၂ |
| | ၉ | ပြည်ထောင်စုရှေ့နေချုပ်ရုံး | ၃.၈၇၉ | ၁,၆၀၇.၈၈၀ | -၁,၆၀၄.၀၀၁ |
| | ၁၀ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ၉၉၉.၈၃၂ | ၂,၉၂၉.၉၂၉ | -၁,၉၃၀.၀၉၇ |
| | ၁၁ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ၃၉.၁၁၈ | ၄,၆၂၀.၁၅၃ | -၄,၅၈၁.၀၃၅ |
| ၂ | | **ဝန်ကြီးဌာနများ** | **၇,၅၆၁,၈၆၅.၅၀၀** | **၉,၇၁၃,၂၇၀.၂၃၅** | **-၂,၁၅၁,၄၀၄.၇၃၅** |
| | ၁ | နိုင်ငံခြားရေး | ၈၉၃.၅၀၀ | ၃၃,၀၆၇.၄၆၉ | -၃၂,၁၇၃.၉၆၉ |
| | ၂ | သမ္မတရုံး | - | - | - |
| | ၃ | ပြည်ထဲရေး | ၉၇,၆၇၉.၈၈၅ | ၃၁၆,၇၄၆.၈၂၈ | -၂၁၉,၀၆၆.၉၄၃ |
| | ၄ | ကာကွယ်ရေး | ၃၁,၇၆၁.၄၇၄ | ၁,၃၃၁,၈၇၀.၆၆၈ | -၁,၃၀၀,၁၀၉.၁၉၄ |
| | ၅ | နယ်စပ်ရေးရာ | ၁,၅၁၈.၅၇၇ | ၅၃,၅၂၀.၄၈၈ | -၅၂,၀၀၁.၉၁၁ |
| | ၆ | နိုင်ငံတော်အတိုင်ပင်ခံရုံး | - | ၈၁၃.၇၀၇ | -၈၁၃.၇၀၇ |
| | ၇ | ပြန်ကြားရေး | ၁၇,၅၀၅.၉၁၈ | ၂၄,၃၆၄.၂၆၁ | -၆,၈၅၈.၃၄၃ |
| | ၈ | သာသနာရေးနှင့်ယဉ်ကျေးမှု | ၂,၇၁၂.၁၃၀ | ၁၄,၄၆၈.၇၁၁ | -၁၁,၇၅၆.၅၈၁ |
| | ၉ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း | ၂၀၁,၁၀၈.၅၅၄ | ၃၅၆,၃၈၇.၁၂၂ | -၁၅၅,၂၇၈.၅၆၈ |
| | ၁၀ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၆၄၆,၆၆၃.၅၁၉ | ၄၇၇,၄၉၈.၁၆၂ | + ၁၆၉,၁၆၅.၃၅၇ |
| | ၁၁ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၂၁၆,၇၈၂.၂၀၁ | ၁၈၆,၇၅၅.၉၉၄ | + ၃၀,၀၂၆.၂၀၇ |
| | ၁၂ | လျှပ်စစ်နှင့်စွမ်းအင် | ၂,၄၅၈,၄၀၂.၃၃၀ | ၂,၃၄၁,၂၀၁.၆၉၄ | + ၁၁၇,၂၀၀.၆၃၆ |

## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက်
## ပြည်ထောင်စု၏အဖွဲ့အစည်းများနှင့်ဝန်ကြီးဌာနအလိုက် အရ၊ အသုံးအခြေအနေ

(ကျပ်သန်းပေါင်း)

| စဉ် | | ဌာန/အဖွဲ့အစည်းအမည် | ရငွေ | အသုံးစရိတ် | ပိုငွေ(+) လိုငွေ(-) |
|---|---|---|---|---|---|
| | ၁၃ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား | ၂၈,၄၆၁.၃၁၅ | ၁၆,၄၅၇.၃၅၈ | +၁၂,၀၀၃.၉၅၇ |
| | ၁၄ | စက်မှု | ၄၂,၁၁၉.၃၄၃ | ၁၇၅,၁၇၇.၄၆၇ | -၁၃၃,၀၅၈.၁၂၄ |
| | ၁၅ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၁၀,၄၀၁.၂၁၆ | ၆,၅၂၃.၃၇၁ | +၃,၈၇၇.၈၄၅ |
| | ၁၆ | ပညာရေး | ၂၈,၅၇၄.၉၄၈ | ၈၀၁,၉၇၂.၃၈၃ | -၇၇၃,၃၉၇.၄၃၅ |
| | ၁၇ | ကျန်းမာရေးနှင့်အားကစား | ၅၆,၁၈၀.၄၂၃ | ၄၀၈,၈၃၇.၁၂၇ | -၃၅၂,၆၅၆.၇၀၄ |
| | ၁၈ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၃,၅၃၆,၄၉၃.၅၅၅ | ၂,၉၁၁,၃၁၈.၅၀၅ | +၆၂၅,၁၇၅.၀၅၀ |
| | ၁၉ | ဆောက်လုပ်ရေး | ၁၆၉,၉၅၃.၅၅၈ | ၂၂၃,၂၈၂.၉၇၂ | -၅၃,၃၂၉.၄၁၄ |
| | ၂၀ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | ၂,၇၄၈.၇၀၄ | ၂၇,၂၆၅.၁၇၉ | -၂၄,၅၁၆.၄၇၅ |
| | ၂၁ | ဟိုတယ်နှင့်ခရီးသွားလာရေး | ၁၁,၉၀၄.၃၅၀ | ၄,၇၀၃.၁၄၄ | + ၇,၂၀၁.၂၀၆ |
| | ၂၂ | တိုင်းရင်းသားလူမျိုးများရေးရာ | - | ၁,၀၃၇.၆၂၅ | -၁,၀၃၇.၆၂၅ |
| ၃ | | **မြန်မာနိုင်ငံတော်ဗဟိုဘဏ်** | ၂၆၄,၇၃၉.၁၇၄ | ၁၈၈,၇၈၂.၂၅၃ | +၇၅,၉၅၆.၉၂၁ |
| ၄ | | **တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ** | ၇၃၀.၀၀၀ | ၆၂၀.၄၁၀ | +၁၀၉.၅၉၀ |
| ၅ | | **နေပြည်တော်ကောင်စီ** | ၄၉.၆၈၄ | ၃,၂၂၄.၂၂၄ | -၃,၁၇၄.၅၄၀ |
| ၆ | | **နေပြည်တော်စည်ပင်သာယာရေးကော်မတီ** | ၁၈,၂၇၂.၀၉၂ | ၁၅,၆၂၉.၁၈၇ | +၂,၆၄၂.၉၀၅ |
| ၇ | | **ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ** | ၆၃၃,၆၅၃.၄၇၀ | ၅၆၉,၇၄၁.၃၄၇ | +၆၃,၉၁၂.၁၂၃ |
| ၈ | | **လူမှုဖူလုံရေးအဖွဲ့** | ၄၅,၀၁၈.၂၈၀ | ၁၅,၉၇၃.၁၃၈ | +၂၉,၀၄၅.၁၄၂ |
| | | **စုစုပေါင်း (၁ + ၂ + ၃ + ၄ + ၅ + ၆ + ၇ + ၈ )** | **၈,၅၂၅,၉၄၀.၂၄၂** | **၁၀,၅၄၇,၃၈၇.၈၀၄** | **-၂,၀၂၁,၄၄၇.၅၆၂** |

( ရငွေခန့်မှန်းခြေငွေစာရင်းတွင် ပြည်ပအကူအညီရငွေ နှင့် ပြည်ပချေးယူရငွေများပါဝင်ပါသည်။အသုံးစရိတ်ခန့်မှန်းခြေငွေစာရင်းတွင် ပြည်ပအကူအညီရငွေ နှင့် ပြည်ပချေးယူရငွေတို့ဖြင့် ဆက်နွှယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များ ပါဝင်ပါသည်။)

## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် ပြည်ထောင်စု၏ အဖွဲ့အစည်းများနှင့်ဝန်ကြီးဌာနအလိုက် ရငွေ၊ အသုံးစရိတ်ပါဝင်မှုရာခိုင်နှုန်း


| စဉ် | | ဌာန/အဖွဲ့အစည်းအမည် | ရငွေပေါ်တွင် ပါဝင်မှု ရာခိုင်နှုန်း | အသုံးစရိတ်ပေါ်တွင် ပါဝင်မှု ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | | **ဗဟိုအဖွဲ့အစည်းများ** | **၀.၀၂ %** | **၀.၃၈%** |
| | ၁ | နိုင်ငံတော်သမ္မတရုံး | - | ၀.၀၄% |
| | ၂ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | - | ၀.၀၁% |
| | ၃ | ပြည်ထောင်စုလွှတ်တော်ရုံး | ၀.၀၁% | ၀.၀၁% |
| | ၄ | ပြည်သူ့လွှတ်တော်ရုံး | - | ၀.၀၅% |
| | ၅ | အမျိုးသားလွှတ်တော်ရုံး | - | ၀.၀၃% |
| | ၆ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | - | ၀.၁၁% |
| | ၇ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | - | - |
| | ၈ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး | - | ၀.၀၄% |
| | ၉ | ပြည်ထောင်စုရှေ့နေချုပ်ရုံး | - | ၀.၀၂% |
| | ၁၀ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ၀.၀၁% | ၀.၀၃% |
| | ၁၁ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | - | ၀.၀၄% |
| ၂ | | **ဝန်ကြီးဌာနများ** | **၈၈.၆၉%** | **၉၂.၀၉%** |
| | ၁ | နိုင်ငံခြားရေး | ၀.၀၁% | ၀.၃၁% |
| | ၂ | သမ္မတရုံး | - | - |
| | ၃ | ပြည်ထဲရေး | ၁.၁၅% | ၃.၀၀% |
| | ၄ | ကာကွယ်ရေး | ၀.၃၇% | ၁၂.၆၃% |
| | ၅ | နယ်စပ်ရေးရာ | ၀.၀၂% | ၀.၅၁% |
| | ၆ | နိုင်ငံတော်အတိုင်ပင်ခံရုံး | - | ၀.၀၁% |
| | ၇ | ပြန်ကြားရေး | ၀.၂၁% | ၀.၂၃% |
| | ၈ | သာသနာရေးနှင့်ယဉ်ကျေးမှု | ၀.၀၃% | ၀.၁၄% |
| | ၉ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း | ၂.၃၆% | ၃.၃၈% |
| | ၁၀ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၇.၅၈% | ၄.၅၃% |
| | ၁၁ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၂.၅၄% | ၁.၇၇% |
| | ၁၂ | လျှပ်စစ်နှင့်စွမ်းအင် | ၂၈.၈၃% | ၂၂.၂၀% |

## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် ပြည်ထောင်စု၏ အဖွဲ့အစည်းများနှင့်ဝန်ကြီးဌာနအလိုက် ရငွေ၊ အသုံးစရိတ်ပါဝင်မှုရာခိုင်နှုန်း

| စဉ် | | ဌာန/အဖွဲ့အစည်းအမည် | ရငွေပေါ်တွင် ပါဝင်မှု ရာခိုင်နှုန်း | အသုံးစရိတ်ပေါ်တွင် ပါဝင်မှု ရာခိုင်နှုန်း |
|---|---|---|---|---|
| | ၁၃ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား | ၀.၃၃% | ၀.၁၆% |
| | ၁၄ | စက်မှု | ၀.၄၉% | ၁.၆၆% |
| | ၁၅ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၀.၁၂% | ၀.၀၆% |
| | ၁၆ | ပညာရေး | ၀.၃၄% | ၇.၆၀% |
| | ၁၇ | ကျန်းမာရေးနှင့်အားကစား | ၀.၆၆% | ၃.၈၈% |
| | ၁၈ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၄၁.၄၈% | ၂၇.၆၀%* |
| | ၁၉ | ဆောက်လုပ်ရေး | ၁.၉၉% | ၂.၁၂% |
| | ၂၀ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | ၀.၀၃% | ၀.၂၆% |
| | ၂၁ | ဟိုတယ်နှင့်ခရီးသွားလာရေး | ၀.၁၄% | ၀.၀၄% |
| | ၂၂ | တိုင်းရင်းသားလူမျိုးများရေးရာ | - | ၀.၀၁% |
| ၃ | | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၃.၁၁% | ၁.၇၉% |
| ၄ | | တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | ၀.၀၁% | ၀.၀၁% |
| ၅ | | နေပြည်တော်ကောင်စီ | - | ၀.၀၃% |
| ၆ | | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | ၀.၂၁% | ၀.၁၅% |
| ၇ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ | ၇.၄၃% | ၅.၄၀% |
| ၈ | | လူမှုဖူလုံရေးအဖွဲ့ | ၀.၅၃% | ၀.၁၅% |
| | | စုစုပေါင်း(၁ + ၂ + ၃ + ၄ + ၅ + ၆ + ၇ + ၈ ) | ၁၀၀% | ၁၀၀% |

*စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အသုံးစရိတ်ရာခိုင်နှုန်း ၂၇.၆၀% တွင် နိုင်ငံတော်အနေဖြင့် ကျခံသုံးစွဲရသည့် **နိုင်ငံတော်စာရင်း** အသုံးစရိတ် **ကျပ် ၂,၇၁၀.၁၅၃ ဘီလီယံ**၊ ရာခိုင်နှုန်းအားဖြင့် ၂၅.၆၉% ပါဝင်ပါသည်။ **ဝန်ကြီးဌာန၏** အသုံးစရိတ်မှာ **ကျပ် ၂၀၁.၁၆၅ ဘီလီယံ**၊ ရာခိုင်နှုန်းအားဖြင့် **၁.၉၁ %** သာ ဖြစ်ပါသည်။

## ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆)လအတွက် စုစုပေါင်းရငွေတွင် ပြည်ပအကူအညီရငွေ နှင့် ပြည်ပချေးယူရငွေ ပါဝင်မှုရာခိုင်နှုန်း




## ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ စက်တင်ဘာလအထိ (၆)လအတွက် စုစုပေါင်း အသုံးစရိတ်တွင် သာမန်၊ ငွေလုံးငွေရင်း၊ ကြွေးမြီ ပါဝင်မှုရာခိုင်နှုန်း





အသုံးစရိတ်များတွင် ပြည်ပအကူအညီရငွေနှင့် ပြည်ပချေးယူရငွေတို့ဖြင့် ဆက်နွယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များ ပါဝင်ပါသည်။




၂၀၁၇ – ၂၀၁၈ ခု ၊ ဘဏ္ဍာရေးနှစ် မှ စတင်၍
အသက်(၉၀)နှင့်အထက် သက်ကြီးရွယ်အိုများအားလူမှုရေးပင်စင်အဖြစ်
နိုင်ငံတော်မှ တစ်လလျှင် ၁၀၀၀၀ ကျပ်( ကျပ်တစ်သောင်းတိတိ)ထောက်ပံ့ပေးလျက်ရှိသည်။

## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ အတွက် ပညာရေးနှင့် ကျန်းမာရေးနှင့်အားကစား အသုံးစရိတ်များ တိုးမြှင့်သုံးစွဲမှုအခြေအနေ

